ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်
# ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
# ( ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅။ )

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်

(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ် လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)နှင့် (၂)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ...

၇၊ ၃၊ ၁၃

ဝန်ကြီးချုပ်

ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ် တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | | ၄၂.၅၀၀ | | | |
| | | ပေါင်း | | | | | ၄၂.၅၀၀ | | | |

## ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၈၅.၃၄၈ | | | | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၈၅.၃၄၈ | | | | | | |
| ၂ | ၂ | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၄င်း | ၃၇.၇၉၅ | | | | | | |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၃၆.၅၉၂ | | | | | | |
| | | ၂။ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၁.၂၀၃ | | | | | | |
| ၃ | ၃ | **သမဝါယမ** | ၄င်း | ၁၄.၄၅၄ | | | | | | |
| | | ၁။ သမဝါယမဦးစီးဌာန | | ၁၁.၃၃၄ | | | | | | |
| | | ၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃.၁၂၀ | | | | | | |
| ၄ | ၄ | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၄င်း | ၈.၄၄၀ | | | ၄.၄၃၈ | | | |
| | | ၁။ ငါးလုပ်ငန်းဦးစီးဌာန | | ၈.၄၄၀ | | | ၄.၄၃၈ | | | |
| ၅ | ၅ | **ဆောက်လုပ်ရေး** | ၄င်း | ၆၆၂၄.၂၈၅ | | | | | | |
| | | ၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၄၀.၄၃၂ | | | | | | |
| | | ၂။ အဆောက်အအုံလမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၆၅၈၃.၈၅၃ | | | | | | |
| ၆ | ၇ | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | ၁၇.၉၂၆ | | | | | | |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၇.၉၂၆ | | | | | | |

## ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)-အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၇ | ၁၀ | အားကစား | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၁.၉၃၆ | | | | | | |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | | ၃၁.၉၃၆ | | | | | | |
| ၈ | ၁၁ | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၃.၀၄၆ | | | | | | |
| | | ပေါင်း | | ၆၉၂၄.၀၃၀ | | | ၄.၄၃၀ | | | |